

# မြသန်းတင့်

## လာခြင်းကောင်းသော အရှင်

# THE LORD COMES

Robert Payne

# မြန်မာပြန်သူ၏ အမှာ

'လာခြင်းကောင်းသော အရှင်' သည် ဝတ္ထုဆန်ဆန် ရေးသားထားသော ဗုဒ္ဓဝင်အကျဉ်းချုပ် ဖြစ်သည် ။ သိဒ္ဓတ္ထမင်းသား ဖွားတော်မူခန်းမှစ၍ တောထွက်ခန်း၊ ဘုရား ဖြစ်တော်မူခန်း၊ ဒေသစာရီကြွခန်း၊ ပရိနိဗ္ဗာန် စံတော်မူခန်းအထိ ဖြစ်သည် ။ တစ်နည်းပြောရလျှင် ဝတ္ထုဆန်ဆန် ရေးထားသော ဗုဒ္ဓ၏ ထေရုပ္ပတ္တိ ဖြစ်သည် ။ ဝတ္ထုဆန်ဆန်ဟု ဆိုရခြင်းမှာ အခြားကြောင့် မဟုတ်။ ခေတ် စကားပြေဖြင့် ရေးသားထားခြင်းကို ဆိုလိုခြင်း ဖြစ်သည် ။

မူရင်းရေးသူမှာ အမေရိကန် သတင်းဆရာနှင့် စာရေးဆရာ ရောဘတ်ပိန်း ဖြစ်သည် ။ သူသည် တရုတ်ပြည်မှ နာမည်ကြီး တက္ကသိုလ်များဖြစ်သော ဖူတန်တက္ကသိုလ်နှင့် လီယန်တာ တက္ကသိုလ်များ တွင် အင်္ဂလိပ်စာပေ ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သည် ။ စစ်ဖြစ်လာသည့် အခါတွင် သူသည် ချုံကင်းတွင် ယဉ်ကျေးမှု ဆက်သွယ်ရေး အရာရှိအဖြစ် ဆောင်ရွက်ခဲ့သည် ။ တရုတ်ပြည်တွင်းစစ် ကာလတုန်းက သတင်းထောက် တစ်ယောက် အဖြစ် မော်စီတုန်းနေထိုင်ရာ ယင်အန်းရှိ ကျောက်ဂူများ ဆီသို့ သွားရောက်ကာ မော်စီတုန်းနှင့် တွေ့ဆုံပြီး သူ့ဘဝအကြောင်းကို မေးမြန်းပြီး မော်စီတုန်း၏ အတ္ထုပ္ပတ္တိကို ရေးခဲ့သည် ။ ထို့ပြင် လီနင်၊ စတာလင်၊ အာရေဗျူမှ လောရင့်စ် စသူတို့ ၏ အတ္ထုပ္ပတ္တိများ ၊ ဝတ္ထုများ ၊ ခရီးသွားမှတ်တမ်းများ ၊ ကဗျာများ စသည် တို့ ကို စာအုပ်ပေါင်း ၆၀ ကျော်မျှ ရေးသားခဲ့သည် ။

ယခုစာအုပ်မှာ ရောဘတ်ပိန်း၏ 'အရှင် ကြွတော်မူ လာပြီ' ဆိုသည့် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော စာအုပ်မှ မြန်မာပြန်ခြင်း ဖြစ်သည် ။ ရောဘတ်ပိန်းသည် ဗုဒ္ဓဝင်ကျမ်းများ ၊ ပိဋကတ်တော်များကို လေ့လာ

ကာ ယင်းတို့ ကို အခြေတည်၍ ဗုဒ္ဓ၏ ဘဝဖြစ်စဉ်ကို ရေးပြထားခြင်း ဖြစ်သည် ။

ရောဘတ်ပိန်း၏ စာအုပ်ကို မြန်မာပြန်ရန် ပြင်ဆင်သည့် အခါတွင် ကျွန်တော်သည် ကျီးသဲလေးထပ်ဆရာတော်ကြီး၏ ဇိနတ္ထပကာသနီကျမ်း၊ ဒုတိယမဲထီး ဆရာတော်၏ မာလာလင်္ကာရ ဝတ္ထုတော်ကြီး၊ ကျီးသဲလေးထပ် ဆရာတော် ကြီး၏ မဟာဝန်ကျမ်း၊ မဲထီးဆရာတော်၏ ထေရဝါဒ သာသနာဆက် အလင်းပြဝံသဒီပနီ၊ အရှင်စန္ဒိမာပြုစုသည့် ဓမ္မပဒ ဝတ္ထုတော်ကြီးအုပ်တွဲများ ၊ ဦးဝိစိတ္တသာရာဘိဝံသ ပြုစုသည့် မဟာ ဗုဒ္ဓဝင်ကျမ်းအတွဲများ ၊ မင်းကွန်းအရှင် သုန္ဒရာဘိဝံသ ဆရာတော် ပြုစုသည့် သီရိလလီတဝိတ္ထာရကျမ်း၊ ဝဏ္ဏသီရိ ပြုစုသည့် ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း စသည့် ကျမ်းများ နှင့် တိုက်ဆိုင်ညှိနှိုင်းပါသည် ။

ဤစာအုပ်မှာ သက်ရှယ်အိုမင်းလုပြီဖြစ်သော ညီတော်အာနန္ဒာက သူနှင့် နောင်တော်သိဒ္ဓတ္ထတို့ ငယ်ငယ်ကတည်းက နန်းတော်ထဲတွင် အတူကြီးပြင်းခဲ့ကြပုံ၊ တောလည်ထွက်ကြပုံ၊ မမြဲသောတရားကို ငယ်ရွယ်စဉ်ကတည်းက နောင်တော် သဘောပေါက်ခဲ့ပုံ၊ နန်းစည်းစိမ်ကို စွန့်ပုံ၊ ဒုက္ကရစရိယာ ကျင့်ခဲ့ပုံ၊ ဉာဏ်အလင်းရခဲ့ပုံ၊ သူနှင့် အတူ ဒေသစာရီကြွချီခဲ့ပုံ၊ ပရိနိဗ္ဗာန်စံတော်မူပုံ တို့ ကို ပြန်ပြောင်းသတိရကာ အမှတ်တရ မှတ်တမ်းပုံစံဖြင့် ရေးသားခြင်း ဖြစ်သည် ။

ဤစာအုပ်တစ်နေရာ၌ အနေကဇာတိသံသာရံ အစချီသော ဥဒါန်းဂါထာတော်ကို မြန်မာပြန်ရာတွင် ကျွန်တော်သည် မူကွဲနှစ်ခုကို ဖော်ပြထားပါသည် ။ တစ်ခုမှာ မင်းကွန်းဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဘာသာပြန်ချက်ဖြစ်ပြီး ဒုတိယတစ်ခုမှာ ဆရာကြီးမင်းသုဝဏ်၏ ဘာ

သာပြန်ချက်ဖြစ်ပါသည်။

သဘင်မဂ္ဂဇင်းတွင် ဖော်ပြခဲ့စဉ်က ‘အတိတ်ကို ဆောင်သည် ရှိသော်’ ဟူသော အမည်ဖြင့် ဖော်ပြခဲ့သော်လည်း စာအုပ်ထုတ်ဝေသည့် အခါ၌ ‘လာခြင်းကောင်းသော အရှင်’ ဟူသော အမည်ဖြင့် ထုတ်ဝေခဲ့ပါသည်။ ယခုလည်း ထိုအမည်အတိုင်း ထုတ်ဝေပါသည်။

ဤစာအုပ်ကို ပြန်ဆိုရာတွင် ကူညီခဲ့ကြသည့် ကဗျာဆရာမောင်မြင့်မြတ်၊ မဂ္ဂဇင်း ဝတ္ထုရှည်အဖြစ် ဖော်ပြပေးခဲ့သော သဘင်မဂ္ဂဇင်း၊ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသော မြတ်စုမွန် စာပေတိုက်နှင့် ဒုတိယအကြိမ် ထုတ်ဝေသော Crystal Palace စာအုပ်တိုက်တို့ကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြပါသည်။

မြသန်းတင့်

၁၃၅၈ ခု၊ နတ်တော် လဆန်း ၇ ရက်နေ့

၁၉၉၆၊ ဒီဇင်ဘာလ ၁၇ ရက်နေ့၊ ရန်ကုန်မြို့။

♥ ♥ ♥

ဘုရားရှင်ဗုဒ္ဓ၏ ဝမ်းကွဲညီတော်ဖြစ်၍ နှစ်လိုသူဟု အမိပွာယ်ရသော ကျူပ် အာနန္ဒာသည် အိုမင်းစပြုပြီ။ ထို့ကြောင့် သတိကောင်းစဉ် ဗုဒ္ဓအရှင်တော်သည် ပန်းကုံးတို့ ဆင်ယင်၍ တောင်ထွတ်တို့ ၏ ငြိမ်းချမ်းမှုကို လက်ဖြင့် ကိုင်လျက် ကမ္ဘာလောကကြီးထဲသို့ မည်သို့မည်ပုံ ဝင်ရောက်လာခဲ့ကြောင်းကို နှောင်းသူတို့ သိစေခြင်းငှာ ဤစာများကို ရေးခဲ့ခြင်းဖြစ်၏။

ညချမ်းချိန်ရောက်သည် နှင့် ရဟန်းသံဃာတို့ သည် ကျူပ်၏ ကမ္ဗဌာန်းကျောင်းသို့ ရောက်လာကြကာ ဗုဒ္ဓရှင်တော်ဘဝနှင့် ပတ်သက်၍ ထိုအချက်၊ ဤအချက်တို့ ကို ပြောပြရန် တောင်းပန်ကြ၏။

အရှင်သည် ဗုဒ္ဓရှင်တော်၏ အကြောင်းကို အခြားသူထက် သိသူဖြစ်ပေ၏။

ယခုပင်လျှင် အရှင်၏ မှတ်ဉာဏ်တို့ သည် မှေးမှိန်စပြုပြီ။ မကြာမီပင် အရှင်သည် လည်း ခန္ဓာဝန်ကို ချရပေတော့မည်။ ထိုအခါတွင် ဗုဒ္ဓရှင်တော်သည် မည်သို့သောပုဂ္ဂိုလ် ဖြစ်သည် ကို ကျွန်ုပ်တို့ မည်သို့ သိနိုင်တော့မည်နည်းဟု ရဟန်းတို့ က မကြာခဏ လျှောက်တင်ကြ၏။

တစ်ခါတစ်ရံတွင် မူ ကျူပ်သည် ရဟန်းတို့ စကားကို နားထောင်ပြီး နောက် ဗုဒ္ဓရှင်တော် ပြောသည့် နည်းတူ သူတို့ အား ဥပမာလင်္ကာများဖြင့် ပြောပြ၏ ။

ကျူပ်သည် စိမ်းလန်းသော မြက်ရွက်ကလေးတစ်ရွက်ကို ကိုင်ပြသည် ။ သို့မဟုတ် နှင်းပွင့်တစ်ဆုပ်ကို ကောက်ပြသည် ။ သို့မဟုတ် ရှဉ့်ကလေးတစ်ကောင်၊ ကျားသစ်ငယ်တစ်ကောင် စသည် ဖြင့် မွေးကင်းစ တိ

ရုဏ္ဍာန်ငယ် ကလေးတစ်ကောင်ကို ပြမည်။ မည်သို့မျှကား မပြောချေ။ ကျုပ်ပြောလိုသည့် အဓိပ္ပာယ်ကို သူတို့ နားလည်မည်ထင်၍ ဤသို့ ဘာမျှမပြောဘဲ ဥပမာလောက်မျှသာ ပြခြင်း ဖြစ်၏

ဗုဒ္ဓရှင်တော်မြတ်သည် လောကကြီး၏ ထွန်းသစ်စ မနက်ခင်းသန့်စင်မှုထဲတွင် မွေးဖွားသူ ဖြစ်ပေ၏ ဟု ကျုပ်စိတ်ထဲတွင် ကျုပ်ဘာသာကျုပ် ပြောနေမိ၏။

ယခုမူ ကျုပ်သည် အသက်ကြီး လာပြီ ဖြစ်သည့် အလျောက် ညညတွင် ကောင်းစွာ အိပ်မပျော်တော့။ ထိုအခါ၌ ဗုဒ္ဓရှင်တော်နှင့် ပတ်သက်သည့် သတိရဖွယ်တို့ သည် ကျုပ်မှတ်ဉာဏ်ထဲသို့ ရောက်လာကြကာ လှပတင့်တယ်မှုတို့ ဖြင့် ကျုပ်ကို အိပ်မပျော်အောင် လုပ်နေကြသကဲ့သို့ ရှိ၏။

ဗုဒ္ဓရှင်တော်၏ ဂုဏ်ကျက်သရေကို မြင်သည့် အခါတွင် ကြည်နူးခြင်းကြောင့် ကျုပ်သည် အသက်ကိုပင် အနိုင်နိုင်ရှူရ၏။ ပြန်တွေးလိုက်သည့် အခါတွင် ပန်းကုံးတို့ ကို ဆင်ယင်လျက် တောအုပ်တို့ အလယ်တွင် လျှောက်သွားနေသည့် နုနယ်ပျိုမျစ်သော လုလင်တစ်ယောက်၏ သဏ္ဌာန်ကို ကျုပ် ပထမဆုံးမြင်တတ်သည် ။ သို့မဟုတ်လျှင်လည်း ကချေသည် တို့ အလယ်၌ နှုတ်ခမ်းတွင် ပျားဖယောင်းနီတို့ စွန်းထင်လျက်၊ မျက်ခွံတွင် ဒန်းစိမ်းတို့ ဆိုးကာ ရောင်စုံပိုးထည်တို့ ကို ဝတ်ဆင်ထားသည့် မင်းပျိုတစ်ဦး၏ သဏ္ဌာန်ကို မြင်ယောင်နေတတ်ပြန်သည် ။ တစ်ခါတစ်ရံတွင် လည်း ထီးနန်းစည်းစိမ်တို့ ကို စွန့်လွှတ်ပြီးနောက် နံရိုးတို့ သည် ထက်လှစွာသော ဓားများကဲ့သို့ အရေကို စူးဝင်သည် အထိ ပိန်ချုံးကာ ဒုက္ကရစရိယာ ကျင့်တော်မူခဲ့သည့် ကာလက သဏ္ဌာန်ကို မြင်ယောင်တတ်ပြန်သည် ။

သို့ရာတွင် ကျုပ်မျက်စိထဲ၌ အထင်အရှားဆုံး သဏ္ဍာန်မှာ ဝါရွေ သော သင်္ကန်းကို ဆီးထားလျက် သက်ရွယ် ကြီးရင့်တော်မူပြီ ဖြစ်သည့် ဗုဒ္ဓရှင်တော် သဗ္ဗညုတရွှေဉာဏ်တော် ရတော်မူပြီးနောက် လူအပေါင်း တို့ အား တရားရေအေး တိုက်ကျွေးနေသော ဗုဒ္ဓရှင်တော်၊ ဝေဒနာအပေါင်းတို့ အား ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ဝင်ရန် ပြင်ဆင်လျက်ရှိ သော ဗုဒ္ဓရှင်တော်ကိုသာ ကျုပ် ပြက်ပြက်ထင်ထင် မြင်ယောင်နေတတ် သည် ။

ဤစာကို ရေးနေစဉ် တစ်ခါတစ်ရံ၌ ကျုပ်သည် ဗုဒ္ဓရှင်တော်၏ အ သံကို ကြားမိသည် ဟု ထင်၏။ ပရိနိဗ္ဗာန် စံတော်မူပြီးသည် မှာ နှစ်အ တန်ငယ်ကြာပြီ ဖြစ်သည့် တိုင် ရှင်တော်သည် ကျုပ် ကမ္မဋ္ဌာန်းကျောင်း လေးထဲတွင် ရောက်နေသည် ဟု ထင်မိ၏ ။

ကျုပ်သည် ဗုဒ္ဓအရှင်၏ အကြောင်းကို မည်သို့ ပြောရမည်နည်း။ ဗုဒ္ဓ ရှင်တော်၏ စိတ်ကို ညစ်ညူးနောက်ကျိနေခဲ့သည့် သောကတို့ ကို မည် သို့ ရေးပြရမည်နည်း။ ဗုဒ္ဓရှင်တော်၏ နာကြည်းမှု၊ တိတ်ဆိတ်မှု ၊ ဗုဒ္ဓရှ င်တော်၏ အပြုံးတို့ ချိုမြပုံကို မည်သို့ရေးပြရမည်နည်း။ သံမဏိတို့ ထ က် မာကျောသော အရှင်၏ လက်တော်တို့ အကြောင်းကို ရေးပြရမည် လော။ ကြေးနီကဲ့သို့ တောက်ပသည့် ဦးခေါင်းတော် အကြောင်းကို ရေးပြရမည်လော။ တစ်ခါတစ်ရံတွင် မူ ကျုပ်သည် မျက်လုံးကို မှိတ်၍ စဉ်းစားရာမှ ဖွင့်ကြည့်လိုက်မိသည် ။

ထိုအခါမျိုးတွင် ကျုပ်၏ ကမ္မဋ္ဌာန်းကျောင်း နံရံထောင့်တွင် မလှုပ်မ ယှက် ရပ်တော်မူလျက်ရှိသည် ကို မြင်ရ၏။

ဗုဒ္ဓအရှင်သည် မည်သို့မျှ ပြောဆိုခြင်းမရှိ။ မျက်လုံးတော်တို့ ကို မဖွ င့်။ လက်တော်တို့ ကို ဘေးသို့ ချထားလျက်ရှိ၏။ ထိုအခါမျိုး၌ ကျုပ်သ

ည် မျက်နှာတော်၏ တည်ငြိမ်ခြင်းနှင့် အပြုံး၏ လျှို့ဝှက်ဆန်းကြယ်ခြင်း ကို ကြည့်ရာမှ ဗုဒ္ဓရှင်တော်သည် ကမ္ဘာကြီး ကျွတ်တမ်းဝင်မည့် အချိန် ကို စောင့်ဆိုင်းလျက် ရှိသည် တကားဟု အောက်မေ့မိ၏။

ကျုပ်သည် အိုလှပြီ၊ ကလောင်ကိုင်ထားသည့် ကျုပ်လက်တို့ သည် လည်း တုန်ချည့်စပြုပြီ။ ကျုပ်မျက်လုံးတို့ သည် လည်း မှုန်မွဲသီဝေ စပြုကြပြီ။

နောင်ဆိုလျှင် ကျုပ်သည် အခြားသံဃာနှစ်ပါး သုံးပါးတို့ ကို နှုတ်မှ ချ၍ အရေးခိုင်းတော့မည်။ ယခု ကလောင်ကိုင်ထားသည့် အချိန်ထိမူ ကား ဗုဒ္ဓရှင်တော်သည် ကျုပ် ကမ္မဋ္ဌာန်း ကျောင်းကလေးထဲတွင် ကိုယ် တော်တိုင် ရပ်တော်မူလျက် ရှိသေးသည့် အတွက် ကျုပ်အား အဆုံးတိုင် ရေးနိုင်အောင် စောင်မတော့မည်ဟု ကျုပ်ယုံကြည်လျက်ရှိ၏။

♥ ♥ ♥